**Video script in Burmese:** There is no place for domestic and family violence in Australia.

| English | Burmese |
|---|---|
| There is no place for domestic and family violence in Australia. | သြစတြေးလျနိုင်ငံမှာ အိမ်တွင်းအကြမ်းဖက်မှုနဲ့ မိသားစုတွင်း အကြမ်းဖက်မှုတွေကို လက်မခံပါဘူး။ |
| You and your family are protected by the law, | သင်နဲ့ သင့်မိသားစုကို ဥပဒေနဲ့ ကာကွယ်ပေးထားတာဖြစ်ပြီး |
| including new migrants and temporary visa holders. | ကာကွယ်ပေးတဲ့လူတွေထဲမှာ အသစ်ရွှေ့ပြောင်းနေထိုင်တဲ့ လူတွေနဲ့ ယာယီဗီဇာ ကိုင်ဆောင်ထားသူတွေလည်း ပါဝင်ပါတယ်။ |
| In Australia, domestic and family violence is illegal. | သြစတြေးလျနိုင်ငံမှာ အိမ်တွင်းအကြမ်းဖက်မှုနဲ့ မိသားစုတွင်း အကြမ်းဖက်မှုက တရားမဝင်ပါဘူး။ |
| Does your partner or a family member make you or your children feel afraid? | သင့်ရဲ့အိမ်ထောင်ဖက် ဒါမှမဟုတ် သင့်မိသားစုဝင် တစ်ဦးဦးကို သင်ကိုယ်တိုင် ဒါမှမဟုတ် သင့်သားသမီးတွေက ကြောက်ရွံ့နေရပါသလား။ |
| Do they hit or hurt you or your children? | သူတို့က သင့်ကို ဒါမှမဟုတ် သင့်သားသမီးကို ရိုက်နှက်မှု လုပ်ပါသလား။ |
| Do they expect you to have sex even if you don’t want to? | သင်လိင်ဆက်ဆံလိုစိတ် မရှိတဲ့အခါမှာ သင့်ကို လိင်ဆက်ဆံစေတာမျိုး လုပ်ပါသလား။ |
| Do they insult you? | သူတို့က သင့်ကို စော်ကားမှုပြုပါသလား။ |
| Do they stop you from having your own money? | သင့်ရဲ့ကိုယ်ပိုင်ငွေမရှိအောင် သူတို့ တားမြစ်ပိတ်ပင်မှု လုပ်ပါသလား။ |
| Do they stop you from going places or seeing people? | သင်တခြားနေရာ မသွားအောင် ဒါမှမဟုတ် လူတွေကို သွားမတွေ့အောင် တားမြစ်ပိတ်ပင်တာမျိုး လုပ်ပါသလား။ |
| If this is happening, | အဲဒီလို အရာမျိုးကို သင်ကြုံရရင် |
| you could be experiencing domestic and family violence. | သင့်အနေနဲ့ အိမ်တွင်း အကြမ်းဖက်မှုနဲ့ မိသားစုတွင်း အကြမ်းဖက်မှု ကြုံနေရတာဖြစ်နိုင်ပါတယ်။ |
| To seek help and support, | ထောက်ပံ့ ကူညီမှုတွေ ရရှိဖို့အတွက် |
| call the NSW Domestic Violence Helpline on 1800 65 64 63. | (NSW Domestic Violence Helpline) NSW အိမ်တွင်းအကြမ်းဖက်မှု တိုင်တန်းရေးဌာနရဲ့ ဖုန်းနံပါတ်ဖြစ်တဲ့ ၁၈၀၀ ၆၅ ၆၄ ၆၃ ကို ဆက်သွယ်နိုင်ပါတယ်။ |
| It’s free and available 24 hours a day,<br>7 days a week. | ၂၄ နာရီ ၇ ရက်ပတ်လုံး အခမဲ့ ခေါ်ဆိုနိုင်ပါတယ်။ |

| | |
|---|---|
| To speak to someone in your language, | သင့်ရဲ့ဘာသာစကားနဲ့ ပြောဆိုလိုရင် |
| call the Translating and Interpreting Service on 131 450. | (Translating and Interpreting Service) ဘာသာပြန်နဲ့ စကားပြန် ဝန်ဆောင်မှုဌာနရဲ့ဖုန်းဖြစ်တဲ့ ၁၃၁ ၄၅၀ ကို ဆက်သွယ်နိုင်ပါတယ်။ |
| Say your language. | သင်လိုချင်တဲ့ ဘာသာစကားကို တောင်းဆိုပါ။ |
| Ask them to connect you | (NSW Domestic Violence Helpline) NSW အိမ်တွင်းအကြမ်းဖက်မှု တိုင်တန်းရေးဌာနရဲ့ဖုန်းဖြစ်တဲ့ |
| to the NSW Domestic Violence Helpline on 1800 65 64 63. | ၁၈၀၀ ၆၅ ၆၄ ၆၃ ကို ဆက်သွယ်ပေးဖို့ တောင်းဆိုပါ။ |
| If you or your children are in immediate danger, | သင်ကိုယ်တိုင် ဒါမှမဟုတ် သင့်သားသမီးတွေ လက်ရှိ အန္တရာယ်နဲ့ ကြုံနေရပြီဆိုရင် |
| call Triple Zero (000) for emergency services. | အရေးပေါ် ဝန်ဆောင်မှုအတွက် သုံညသုံးလုံး (၀၀၀)ကို ဆက်သွယ်ပါ။ |